ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၆၀)

နေ့စွဲ – ၂. ၁. ၂၀၁၁

## ပထမပါရာဒိုက်စ်အကြောင်း(Paradise the First)

အာဒံသည် ဖန်ဆင်းခြင်းတခုလုံး၏အထွဋ်အထိပ်ဖြစ်ကြောင်း၊ ဘုရားသခင်၏ မြေကြီးပေါ်တွင် လုပ်သမျှ အားလုံး၌ အကောင်းဆုံးဖြစ်ကြောင်း၊ ဧဒင်ဆိုသောအရပ်၌ “ပါရာဒိုက်စ်”ဟုခေါ်သော ဉယျာဉ်တခုတွင် သူနေဖို့ အထူးစပယ်ရှယ်အိမ်ကို ဖန်ဆင်းပေးခြင်းက ပြညွှန်နေပါသည်။ ထိုနေရာတွင် အာဒံ နေပါသည်၊ အလုပ်လုပ်ပါ သည်။ အပြစ်ထဲသို့ကျဆုံးချိန်အထိ ထိုနေရာတွင် သူသည် ဘုရားသခင်နှင့်အတူ သွားလာနေထိုင်ခဲ့ပါသည်။

ထို ပထမပါရာဒိုက်စ်သည် မည်သို့ရှိခဲ့မည်ဆိုသည်ကို တွေးရန် ခက်ခဲလှပါသည်။ မည်သည့်ဒေသတွင် ရှိခဲ့ ကြောင်းကိုပင် ကျွန်တော်တို့ မသိနိုင်ကြပါ၊ ထိုနေရာကိုတည်ဆောက်သော ကမ္ဘာကြီးသည်ပင် မည်သို့မည်ပုံရှိခဲ့မည် ကို မသိရပါ။ ထိုနေရာတွင် သေခြင်း၊ ဝေဒနာခံစားရခြင်း၊ နာကျင်ခြင်းတို့ မရှိခဲ့ပါ။ အားလုံးသည် ပြည့်စုံနေသဖြင့်၊ မျက်မှောက် ကျွန်တော်တို့နေထိုင်နေသော ကမ္ဘာကြီးနှင့် အင်မတန် ခြားနားလှပါသည်။ အာဒံကိုယ်၌ကပင် ထိုပြည့် စုံသောအိမ်တွင် ပြည့်စုံသူဖြစ်ခဲ့ပါသည်။

အာဒံသည် ထိုအရာများအားလုံးကို အပြစ်ထဲသို့ကျဆုံးခြင်းဖြင့် လွှင့်ပစ်ခဲ့ပါသည်။ ဘုရားသခင်၏ အထူး လက်ဆောင်ဖြစ်သော လှပသည့်ဉယျာဉ်ကို ဆုံးရှုံးခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်မြတ်ကို ထမ်းဆောင်နိုင်သော နေရာ၊ ကောင်းချီးမင်္ဂလာအပြည့်ခံစားလျှက် ဘုရားနှင့်မိတ်သဟာယဖွဲ့နိုင်သောနေရာဟုခေါ်သည့် နေရာတို့ထဲတွင် အမြင့်ဆုံးသောနေရာကိုလည်း ဆုံးရှုံးခဲ့ပါသည်။ ၄င်းသည် နာခံမှုမရှိခြင်းသို့ အာဒံကျဆုံးခြင်း၏ ဝမ်းနည်းစရာ တ စိတ်တပိုင်းဖြစ်ပါသည်။ ဉယျာဉ်ထဲသို့ဝင်ရောက်ခြင်းမှ တားမြစ်ခြင်းဖြင့် ဘုရားသခင်သည် အာဒံ၏မနာခံခြင်းအ တွက် ဒဏ်ခတ်ခဲ့သည်၊ အပြစ်သားတယောက်အနေနှင့် သူသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နိုင်ခွင့် မရှိတော့ ကြောင်း ပြသခြင်းဖြစ်ပါသည်။

အာဒံနှင့်ဧဝ အပြစ်ပြုကြသောအခါ၊ ထိုပထမပါရာဒိုက်စ်မှ မောင်းထုတ်ခံခဲ့ရခြင်းဖြစ်သည် ကမ္ဘာ ၃း၂၃၊၂၄။ ထိုပါရာဒိုက်စ်သည် မြေကြီးပေါ်တွင် ရှိသောအရာဖြစ်သော်လည်း၊ ထိုနေရာမှမောင်းထုတ်ခြင်းတွင် ဝိညာဉ်ရေးရာ အဓိပ္ပါယ်ရှိပါသည်။ ကောင်းကင်နှင့်ဆိုင်သော ပါရာဒိုက်စ်တွင် အပြစ်နှင့် အပြစ်သားတို့အတွက် နေရာမရှိပါဟု ပုံ ဆောင်နေပါသည်။ အပြစ်အားဖြင့် ၄င်းတို့နှင့်၄င်းတို့၏ ဆွေစဉ်မျိုးဆက်များသည် ရှင်သန်ခြင်းအားလုံးကို ဆုံးရှုံးရ သည်၊ ဘုရားသခင်နှင့်မိတ်သဟာဖွဲ့ခြင်းအားလုံးကိုလည်း ဆုံးရှုံးရသည်၊ ဘုရားသခင်ထံအမှုတော်ဆောင်ခွင့်အား လုံးကိုလည်း ဆုံးရှုံးရပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကသာ ကောင်းကင်နှင့်ဆိုင်သောပါရာဒိုက်စ်သို့ ဝင်ရာ လမ်းကို ပြန်ဖွင့်ပေးနိုင်ပါသည်။

ကျေးဇူးတော်ရရှိသူများအတွက် နောက်ရောက်လာမည့်ပါရာဒိုက်စ်သည် ပထမပါရာဒိုက်စ်တွင် ပုံဆောင် ချက်ဖြင့်ဖွင့်ပြလျှက်ရှိပါသည်။ ထိုနှစ်ခုလုံးသည် နာမည်အတူတူပင်ဖြစ်ပါသည် (ဗျာ ၂း၇)။ နှစ်ခုလုံးတွင် တမျိုး တည်းသောအပင် ပေါက်နေပါသည် (ဗျာ ၂း၇၊ ၂၂း၂)။ ဒုတိယပါရာဒိုက်စ်တွင်လည်း သေခြင်း၊ ဝေဒနာခံစားရခြင်း၊ နာကျင်ခြင်းတို့ မရှိပါ (ဗျာ ၂၁း၄)။ ပထမပါရာဒိုက်စ်က နောက်ရာလာမည့်ပါရာဒိုက်စ်သည် မည်သို့မည်ပုံရှိမည်ကို သေးငယ်သောအရောင်မှိန်မှိန်ကလေးဖြင့် ကျွန်တော်တို့ကို ပြောပြနေပါသည်။ ထို့အပြင် အာဒံက အပြစ်ပြုခြင်းဖြင့် ကျွန်တော်တို့အတွက် ပျောက်ဆုံးစေခဲ့သည်များကို၊ ကျွန်တော်တို့၏ သခင်နှင့်ကယ်တင်ရှင်ဖြစ်သူ သခင်ခရစ်တော် ၏အလုပ်များဖြင့် ပြန်လည်ရရှိကြမည်ကိုလည်း သေချာနေစေပါသည်။

ပထမပါရာဒိုက်စ် တည်ရှိခြင်းက ဘုရားသခင်သည် ဧဒင်အရပ်တွင် ဉယျာဉ်ကို စိုက်ပျိုးစဉ်ကပင် ပို၍ကောင်း သောအရာတခုကို စိတ်ထဲတွင် ထားရှိပြီးဖြစ်သည်ကို ပြောပြနေပါသည်။ ထိုပထမပါရာဒိုက်စ်မှစတင်၍ အရာခပ် သိမ်းသည် သူတို့အား ဘုရားသခင်ချမှတ်ထားသောသမိုင်းကြောင်းအတိုင်း စတင်၍ လှုပ်ရှားနေကြပါသည်၊ ထိုသ မိုင်းသည် ဒုတိယပါရာဒိုက်စ်ဖြစ်သော ကောင်းကင်နှင့်ဆိုင်သော ပါရာဒိုက်စ်တွင်သာ ပြီးဆုံးမည်ဖြစ်သည်။ ထိုအ ချက်သည် ဘုရားသခင်က မိမိ၏လှပခန်းနားမှုကို တစိတ်တပိုင်း ဖေါ်ထုတ်ရာဖြစ်ပါသည်၊ ဖန်ဆင်းခြင်း၊ အပြစ်၊ ကျေးဇူးတော်၊ ကယ်တင်ခြင်းနှင့် အားလုံးသောအရာတို့သည် သူတို့ဘာသာ သူ၏ရည်ရွယ်ချက်မပါဘဲ ဖြစ်မလာကြ ပါ။ ပထမပါရာဒိုက်စ်သည် ဒုတိယပါရာဒိုက်စ်လာမည့်အကြောင်း ကတိတော်ဖြစ်ပါသည်၊ ကြိုတင်ဖေါ်ပြနေခြင်းဖြစ် ပါသည်။

သခင်ခရစ်တော်အားဖြင့်၊ သူ၏တန်ခိုးတော်ကိုသက်သေပြခြင်းအနေဖြင့် ဒုတိကပါရာဒိုက်စ်သည် ပထမပါရာဒိုက်စ်ထက် ပို၍ကောင်းပါသည်။ ကောင်းကင်ဘုံနှင့်ဆိုင်သော ပါရာဒိုက်စ်တွင် အပြစ်ပြုနိုင်စရာဖြစ်ခြေသည်ပင် မရှိတော့ပါ။ အကောင်းဆုံးမှာ ဘုရားသခင်သည် သူ့လူတို့အလယ်တွင် သူတို့၏ဘုရားအဖြစ်နှင့် အမြဲတမ်း နေနေတော့မည်ဖြစ်သည် (ဗျာ ၂၁း၃)။ ထိုနေရာတွင် သူတို့ချစ်လှသောသခင်ခရစ်တော်ကိုလည်း တွေ့ကြရမည်ဖြစ်ပါသည်။ ထို အချက်သည် နားလည်၍မကုန်နိုင်သော ဝမ်းမြောက်ခြင်းနှင့်ပျော်ရွှင်ခြင်းဖြစ်ပါသည်။

## သစ်ပင်နှစ်မျိုးအကြောင်း(Two Trees)

ဘုရားသခင်သည် ဒေင်ဥယာဉ်ကို အာဒံနှင့်ဧဝတို့နေအိမ်အဖြစ် ဖန်ဆင်းသောအခါ၊ အထူးသစ်ပင်နှစ်မျိုးကို ထားရှိတော်မူသည်၊ အသက်ရှင်ခြင်းအပင်၊ ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကိုသိစေသောအပင်တို့ ဖြစ်သည်။ ထိုသစ်ပင်တို့သည် ဒေင်ဥယာဉ်၏အလယ်တွင် ရှိကြခြင်းက ၄င်းတို့၏အရေးကြီးမှုကို ပြောနေပါသည် (ကမ္ဘာ ၂း၉)။

ထိုသစ်ပင်နှစ်မျိုးနှင့်ပတ်သက်သည့် မေးခွန်းတိုင်းကို အဖြေပေးဖို့တော့ ခက်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ၄င်းတို့၏အကြောင်းကို အနည်းငယ်သာသိရ၍ဖြစ်သည်။ ဥပမာမေးခွန်းကိုပြောရလျှင် အသက်ရှင်ခြင်းအပင် ၏အသီးတို့တွင် တန်ခိုးအာနိသင်ရှိပါသလာ? ထိုအပင်၏အသီးကို စားသူတိုင်းအား အသက်ကိုပေးပါသလား? ဆက်လိုက်လာသောမေးခွန်းတို့မှာ ထိုအပင်၏အသီးတို့တွင် ထိုသို့တန်ခိုးရှိသည်ဆိုလျှင် အာဒံနှင့်ဧဝသည် ထိုအသီး ကို တခါသာစားရပါသလား? သို့မဟုတ် မဆုံးသောအသက်ကိုရဖို့ ထပ်ခါထပ်ခါ စားကြရပါသလား? ကောင်းခြင်း နှင့်ဆိုးခြင်းတို့ကိုသိစေသည့်အပင်၏အသီးက စားကြသော အာဒံနှင့်ဧဝကို အဆိပ်မိသကဲ့သို့ မသေစေခဲ့လျှင်(ကမ္ဘာ ၃း၆)၊ အသက်ရှင်ခြင်းအပင်၏အသီးကလည်း အသက်ကိုတိုက်ရိုက်ပေးနိုင်ခြင်းတော့ မရှိသည်ကို ပြောနေဟန်ရှိပြန် ပါသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ ၃း၂၂ က တိုက်ရိုက်အသက်ရှင်ခြင်းကို ပေးနိုင်သည်ဟု ပြောသည်။ သို့သော် အ သက်ရှင်ခြင်းအပင်၏အသီး၌ အသက်ရှင်စေခြင်းတန်ခိုး ရှိသည်ဆိုခဲ့လျှင်၊ (သို့) အာဒံကို မဆုံးနိုင်သောအသက်ရှင် ခြင်းကို ပေးနိုင်သည်ဆိုခဲ့လျှင်၊ ထိုအပင်သည် ကောင်းခြင်းဆိုးခြင်းကိုသိစေသည့်အပင်နှင့် အတော်ပင် ခြားနား သောအပင်ဖြစ်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် ထိုအပင်၏အသီးက ရှင်ခြင်းကို မဖျက်ဆီးနိုင်သောကြောင့်ဖြစ် သည်။

ထိုမေးခွန်းများ၏အဖြေကို ကျွန်တော်တို့ အားလုံးအဖြေပေးနိုင်ကြမည်မဟုတ်ပါ၊ ကျမ်းစာက အနည်းငယ်သာပြောပြပါသည်။ သို့သော် ပထမပါရာဒိုက်စ်အလယ်တွင် ရှိနေခဲ့သည့် ထိုအပင်တို့၏ တခုသောအကြောင်းသည် ထင်ရှားစွာတွေ့နေရပါသည်။ ၄င်းမှာ ထိုအပင်တို့က အာဒံကို ဆန့်ကျင်တိုက်လှန်သောအသက်ရှင်မှု(ဧညအငအေ့နျ၄)အား ပြောပြနေခြင်းဖြစ်ပါသည်။ ထိုဆန့်ကျင်တိုက်လှန်အသက်ရှင်မှုသည် ဘုရားသခင်နှင့်စာတန်တို့အကြား၊ ကောင်းမြတ်ခြင်းနှင့်ဆိုးညစ်ခြင်းအကြား၊ အသင်းတော်နှင့်ကမ္ဘာကြီးအကြား၊ ယုံကြည်သူနှင့်မယုံကြည်သူတို့အကြား ဆန့်ကျင်နေမှုနှင့်ကွဲပြားနေမှု ဖြစ်ပါသည်။

ဘုရားသခင့်လူများနှင့်ပတ်သက်၍ ဆန့်ကျင်တိုက်လှန်အသက်ရှင်မှုက ပေးအပ်သောတာဝန်မှာ ဘုရားသခင်နှင့်သူ၏ပညတ်ဥပဒေသများကို "ဟုတ်ကဲ့"(.နျ)၊ နတ်ဆိုးနှင့်အပြစ်ကို "မဟုတ်ဘူး"(No)ဟုပြောရန်ဖြစ်ပါသည်။ ထိုအချက်သည် သူတို့နေသော အပြစ်ကမ္ဘာကြီးထဲတွင်၊ ဝိညာဉ်ရေးအရ ခြားနားစွာအသက်ရှင်ရခြင်း၏ အနှစ်သာရဖြစ်ပါသည်(၂ကော ၆း၁၄–၁၈)။ ထိုအချက်သည် ဘုရားသခင်နှင့်ပတ်သက်၍ လူသား၏ အမြဲတမ်းတာဝန် ဖြစ်ပါသည်။

ဥယာဉ်အလယ်ရှိသစ်ပင်နှစ်မျိုးလုံးက အာဒံနှင့်ဧဝအတွက် တူညီသောတာဝန်ကို ထားရှိပါသည်။ အသက်ရှင်ခြင်းအပင်၏အသီးကိုစားခြင်းဖြင့် သူတို့သည် ဘုရားသခင်ထံ "ဟုတ်ကဲ့"ဟုပြောရာရောက်ပါသည် (မည်သည့်အချိန်တွင်၊ မည်ကဲ့သို့စားသည် ဆိုသည်က ဘာမှအရေးမကြီးပါ)။ ကောင်းခြင်းနှင့်ဆိုးခြင်းကို သိစေသောအပင်၏အသီးကို မစားခြင်းဖြင့် သူတို့သည် နတ်ဆိုး၊ အပြစ်နှင့် မနာခံခြင်းတို့ထံ "မဟုတ်ဘူး"ဟု ပြောရာရောက်ပါသည်။ ထိုအကြောင်းကြောင့် မစားရခြင်းဖြစ်သည်။ ဘုရားသခင်ပေးသောအမိန့်မှလွဲ၍ ထိုအပင်၏အသီးကို မစားရမည့်အကြောင်းမရှိပါ။ ထိုအသီးတို့ကို ဒီအတိုင်းကြည့်လျှင် စား၍ကောင်းသည်ဟုတွေ့ရသည်၊ မျက်စိဖြင့်လည်း ကြည့်၍ကောင်းပါသည်။

အာဒံနှင့်ဧဝတို့ ထိုအသီးကိုစားလျှက်၊ ဆုံးရှုံးကြကာ၊ အပြစ်ထဲသို့ကျဆင်းသွားကြပါသည်။ ကျွန်တော်တို့လည်း နတ်ဆိုးကို "ဟုတ်ကဲ့"ဟုပြောတိုင်း၊ ဘုရားသခင်နှင့်သူ၏ပညတ်ဥပဒေသများကို "မဟုတ်ဘူး"ဟုပြောတိုင်း အာဒံနှင့်ဧဝတို့အပြစ်ကို ဆက်လက်ပြုနေကြခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း ထိုသစ်နှစ်ပင်က ကိုယ်စားလှယ်ပြုနေသည့် သူတို့၏တာဝန်ရှိခြင်းသည် ဘယ်တော့မှ ပြောင်းမသွားခဲ့ပါ။ ထိုသို့မပြောင်းသောကြောင့် ကယ်တင်ခြင်း

သည် ကျွန်တော်တို့၏သခင်ယေရှုခရစ်တော်ထံမှသာ လာရောက်နိုင်ရခြင်းဖြစ်ပါသည်။ သူ၏အသက်တာသည် ဘုရားသခင်နှင့်သူ၏ပညတ်ဥပဒေသများထံ ကြီးသော"ဟုတ်ကဲ့"ဖြစ်သလို၊ အပြစ်အားလုံးနှင့် နတ်ဆိုးထံသို့လည်း ကြီးသော"မဟုတ်ဘူး"ဖြစ်သည်ကို သဲကန္တာရထဲ အပြစ်သွေးဆောင်ခံရခြင်းအဖြစ်မှ ရှင်းနေအောင်တွေ့ရပါသည်။ ဒုတိ ယအာဒံနှင့် သူလုပ်ခဲ့သည်များအတွက် ဘုရားသခင့်ထံ ကျေးဇူးတင်ရပါသည်။

## နတ်ဆိုး၏လိမ်ညာခြင်းအကြောင်း(The Devil's Lie)

ဘုရားသခင်က ဒေင်ဥယာဉ်တွင် ထားတော်မူသော အထူးသစ်နှစ်ပင်မှ တပင်သည် ကောင်းခြင်းနှင့်ဆိုးခြင်းကိုသိစေသောအပင်ဖြစ်ပါသည်။ ထိုအပင်၏အသီးကိုစားခြင်းမှ အာဒံနှင့်ဧဝကို တားမြစ်ပါသည်။ စားကြသောအခါ သူတို့သည် ဘုရားသခင့်မျက်နှာသာပေးခံရခြင်းမှ ရွေ့လျော့ကြကာ၊ အပြစ်နှင့်သေခြင်းသို့ ကျဆုံးကြပါသည်။

ထိုအပင်ကို အဘယ်ကြောင့် ကောင်းခြင်းနှင့်ဆိုးခြင်းကိုသိစေသောအပင်ဟု ခေါ်ရပါသနည်း? ထိုမေးခွန်းကိုဖြေရပါမည်၊ အဘယ်ကြောင့်ဆိုသော် စာတန်က ညာပြော၍ဖြစ်ပါသည်(ကမ္ဘာ ၃း၅)။ နတ်ဆိုးက "သင်တို့သည် ဘုရားများကဲ့သို့ ဖြစ်ကြမည်၊ ကောင်းခြင်းနှင့်ဆိုးခြင်းကို သိမည်"ဟုပြောခဲ့သည်ကို အာဒံနှင့်ဧဝတို့က နားထောင်ခဲ့ကြသည်။

နတ်ဆိုးက ညာခဲ့ခြင်းဖြစ်သည်။ သူသည် အမြဲ ညာပြောလေ့ရှိပါသည်။ ကျွန်တော်တို့သည် ဆိုးခြင်းကို မြည်းစမ်းခြင်းဖြင့်၊ ဘုရားသခင်ကို မနာခံခြင်းဖြင့် ကောင်းခြင်းနှင့်ဆိုးခြင်းကို သိကြရသည်မဟုတ်ပါ။ သို့သော်ယနေ့တိုင်အောင် နတ်ဆိုးသည် ညာလျှက်ရှိသလို၊ လူတို့ကလည်း နားထောင်လျှက် ရှိနေကြပါသည်။ နတ်ဆိုးက လူတို့ကို မင်းတို့ မကောင်းတာကို အတွေ့အကြုံရမှ၊ စမ်းလုပ်ကြည့်မှ ဆိုးခြင်းကို တကယ်သိလာမှာဟု ပြောနေပါသည်။ လူတို့က ထိုစကားကို ကျေနပ်အားရစွာ နားထောင်ကြပါသည်။

ထိုအချက်သည် ယေဇဗေလက သွာတိရအသင်းတော်ကို သင်ပေးနေသည့်အရာဖြစ်သည်(ဗျာ ၂း၂၀-၂၄)။ ထိုအမျိုးသမီးသည် ဘုရားသခင့်စေခံကျွန်များကို မိန်းမရှုပ်ရန်၊ ရုပ်တုရှေ့ပူဇော်သောအရာကိုစားရန် သင်ပေးနေခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် "စာတန်၏နက်နဲမှု"ကို သိနိုင်ကြမည်ဟု၊ သူမနှင့်၄င်း၏နောက်လိုက်များက ပြောနေသည်။

ခရစ်ယာန်မိဘများက မိမိတို့ကလေးများကို မိမိတို့နေထိုင်ကြသော ဆိုးညစ်သည့်ကမ္ဘာကြီးတွင် မှီခိုခြင်းမပြုကြဖို့ မပြောကြသည့်အခါ ထိုသို့ညာပြောခြင်းကို နားထောင်ရာရောက်ကြပါသည်။ သူတို့ကလေးများကို လောကကြီးသို့သွားကြပါ၊ တကယ့်ကမ္ဘာကြီးကို လက်တွေ့စူးစမ်းကြပါဟု ပြောနေကြသည်။ ကမ္ဘာကြီးကိုသိဖို့ အတွေ့အကြုံရှိကြရမည်ဟုပြောနေကြပါသည်၊ သို့သော် ထိုနည်းလမ်းသည် ကျွန်တော်တို့နှင့် ကျွန်တော်တို့သားသမီးများ ကောင်းခြင်းနှင့်ဆိုးခြင်းကို သင်ယူရသည့် လမ်းမှန် မဟုတ်ပါ။

အမှန်မှာ၊ ဆိုးခြင်းကို မမြည်းစမ်းခြင်းဖြင့်၊ စွန်းပစ်ခြင်းဖြင့်၊ ထွက်ပြေးခြင်းဖြင့်၊ ကျွန်တော်တို့သည် ကောင်းခြင်းနှင့်ဆိုးခြင်းကို သိကြပါသည်။ အပြစ်ထဲကျဆုံးပြီးသောလူသားကိုကြည့်ပါ။ ကောင်းခြင်းနှင့်ဆိုးခြင်းကိုသိစေသောအပင်၏အသီးကို စားပြီးသောအခါ၊ သူသည် ကောင်းခြင်းနှင့်ဆိုးခြင်းကို မခွဲခြားတတ်တော့ပါ။ ဘုရားသခင်သည် ဆိုးခြင်းကို မိမိထံမှ လုံးလုံးလျားလျား ဖယ်ခွာထားခြင်းဖြင့် ဆိုးခြင်းကို သိတော်မူသလို၊ ကျွန်တော်တို့လည်း သိကြရပါမည်။

မည်သို့ပင်ဖြစ်ပါစေ၊ နတ်ဆိုးပြောသမျှသည် ထိုမျှမကပါ။ အာဒံနှင့်ဧဝတို့သည် ကောင်းခြင်းနှင့်ဆိုးခြင်းကို မိမိတို့ဘာသာဆုံးဖြတ်နိုင်သောအခွင့် ရမည်ဟုလည်း ပြောခဲ့ပါသည်။ အသီးကိုစားခြင်းဖြင့် ကောင်းခြင်းနှင့်ဆိုးခြင်းကို ထိုရှုထောင့်မှနေ၍ သိကြမည်ဟုပြောခြင်းဖြစ်သည်။ ထိုသို့ဖြင့် သူတို့သည် ဘုရားနှင့်တူလာမည်ဟု နတ်ဆိုးက ပြောခဲ့ခြင်းဖြစ်သည်။ ကျရှုံးပြီးလူသားသည် နတ်ဆိုးကိုနာခံခြင်းအနေဖြင့် ထိုအမှားကိုနားထောင်ကာ၊ မှန်ခြင်းနှင့် မှားခြင်းကို မိမိဘာသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဆက်လက်၍ ပြောဆိုနေပါသည်။

ဘုရားသခင်ကလည်း "လူသည် ငါတို့ထဲမှတယောက်ကဲ့သို့ဖြစ်လာပြီ"ဟု ထိုရှုထောင့်မှနေ၍ ပြောခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်က ဆိုလိုသည်မှာ ဘုရားကသာ ပိုင်သည့် ကောင်းခြင်း၊ ဆိုးခြင်း ဆုံးဖြတ်နိုင်ခွင့်ကို လူသားက သူ့ထံတွင်လည်းရှိသည်ဟု ထင်နေသည်ဟုဆိုလိုခြင်းဖြစ်သည်။ ထိုသို့ထင်နေခြင်းကြောင့် လူသည် အသက်ရှင်ခြင်းအပင်၏အသီးကို မစားရတော့ဟု ဆုံးဖြတ်တော်မူသည်။ လူသည် ဘုရားသခင်ကို ဘွင်းဘွင်းကြီးဆန့်ကျင်ပုန်ကန်သူတယောက်အနေနှင့် အမြဲတမ်းဆက်၍အသက်ရှင်ရန် အသက်ရှင်ခြင်းအပင်၏အသီးကို စားခြင်းအခွင့်မပြုတော့ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် လူကို ဥယာဉ်နှင့် အသက်ရှင်ခြင်းအပင်မှ နှင်ထုတ်လိုက်ပါသည်။

လူသားတရပ်လုံးထံသို့ ရောက်လာသောဆိုးညစ်ခြင်းအပေါင်းသည် စာတန်၏ညာပြောခြင်းကို ပထမ ဧဝ၊ နောက် အာဒံက နားထောင်ခဲ့ကြ၍ ရောက်လာကြခြင်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင် အမှန်ကို ပြောပြထားပြီးဖြစ်သဖြင့်၊ ထိုလိမ်ညာခြင်းကို နားမထောင်တော့ဘဲနေကြပါမည်။ ဘုရားသခင်ပြောပြသည်ကို နားထောင်ခြင်းဆိုသည့်နည်းလမ်းမှန်ဖြင့်၄င်း၊ မိမိတို့၏နှလုံးသားအားလုံးဖြင့် ဆိုးညစ်ခြင်းကို စွန့်လွှတ်ကာ၊ သီးသန့်နေထိုင်ခြင်းဆိုသည့် နည်းလမ်းမှန်ဖြင့်၄င်း ကောင်းမြတ်ခြင်းနှင့်ဆိုးညစ်ခြင်းတို့ကို သိနားလည်ကြပါမည်။
(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++

## အသင်းတော်အတွင်းမှ ဆန့်ကျင်ဖက်ပဋိပက္ခများ

## The Antithesis in the Church

==၂၄–အခြားသောဥပမာစကားကို မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုးစေ့ကို လယ်၌ ကြဲသောသူနှင့်တူ၏။–၂၅–လူတို့သည်အိပ်ပျော်သောအခါ သူ၏ရန်သူသည်လာ၍၊ ကောင်းသောစပါးနှင့် လက္ခဏာတူသော တောမျိုးစေ့ကို စပါးအထဲ၌ ကြဲ၍သွားလေ၏။ –၂၆– အပင်ပေါက်၍ အသီးအနှံထွက်သောအခါ၊ တောပင်များလည်းထင်ရှားလျှင်၊–၂၇–ကျွန်တို့သည် အိမ်ရှင်ထံသို့သွား၍ သခင်၊ ကောင်းသောမျိုးစေ့ကိုလယ်၌ကြဲတော်မူသည်မဟုတ်လော။ တောပင်တို့သည်အဘယ်ကဖြစ်ကြသနည်းဟု လျှောက်ကြလျှင်၊–၂၈–အိမ်ရှင်က ဤအမှုကားရန်သူပြုသောအမှုတည်းဟုဆို၏။ အကျွန်ုပ်တို့သည်သွား၍တောပင်တို့ကို ရွေးနှုတ်စေခြင်းငှာ အလိုတော်ရှိသလောဟုလျှောက်ကြလျှင်၊–၂၉–အိမ်ရှင်က ထိုသို့ငါအလိုမရှိ။ တောပင်တို့ကိုရွေးနှုတ်လျှင် စပါးပင်တို့ကိုရောနှော၍ နှုတ်မိမည်စိုးရိမ်စရာအကြောင်းရှိ၏။–၃၀–စပါးရိတ်သည့်ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည်အတူကြီးပွားပါလေစေ။ စပါးရိတ်သည့်ကာလရောက်လျှင်၊ တောပင်တို့ကိုရှေးဦးစွာရွေးနှုတ်၍ မီးရှို့ခြင်းငှာစည်းနှောင်ကြလော့။ စပါးကိုကား ကျီ၌စုသိမ်း၍သွင်းထားကြလော့ဟု ရိတ်သောသူအားငါစီရင်မည်ဟု အိမ်ရှင်ဆိုသည်ဟုမိန့်တော်မူ၏။++

==၃၆–ထိုနောက်မှယေရှုသည် လူအစုအဝေးအများကိုလွှတ်၍အိမ်သို့ဝင်တော်မူပြီးမှ၊ တပည့်တော်တို့သည်ချဉ်း ကပ်၍၊ လယ်၌ကြဲသောတောမျိုးစေ့၏ ဥပမာအနက်အဓိပ္ပါယ်ကို အကျွန်ုပ်တို့အားဖေါ်ပြတော်မူပါ ဟုလျှောက်ကြ လျှင်၊–၃၇–ကိုယ်တော်က၊ ကောင်းသောမျိုးစေ့ကိုကြဲသောသူသည် လူသားဖြစ်၏။–၃၈–လယ်ကားဤလောကဖြစ်၏။ ကောင်းသောအစေ့ကားနိုင်ငံတော်သားဖြစ်၏။ တောမျိုးစေ့ကားနတ်ဆိုးသားဖြစ်၏။–၃၉–တောမျိုးစေ့ကိုကြဲသောရန် သူကားမာရ်နတ်ဖြစ်၏။ စပါးရိတ်သောကာလကား၊ ဤကမ္ဘာကုန်သောကာလဖြစ်၏။ စပါးရိတ်သောသူကားကောင်း ကင်တမန်ဖြစ်၏။–၄၀–တောပင်တို့ကိုရွေးနှုတ်၍မီးရှို့သကဲ့သို့ ဤကမ္ဘာအဆုံး၌ဖြစ်လတ္တံ့။–၄၁–လူသားသည် မိမိ ကောင်းကင်တမန်တို့ကို စေလွှတ်ပြီးလျှင်၊ မှားယွင်းစေသောသူတို့နှင့်မတရားသောအမှုကိုပြုသောသူ ရှိသမျှတို့ကို နိုင်ငံတော်ထဲကရွေးနှုတ်၍၊–၄၂–ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာမီးဖို၌ချကြလတံ့။–၄၃–ထိုအခါဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့အဘ၏နိုင်ငံတော်၌ထွန်းလင်းကြလတံ့။ ကြားစရာနားရှိသောသူမည်သည်ကား ကြားပါစေ။++(မဿဲခရစ်ဝင်ကျမ်း ၁၃း၂၄–၃၀၊ ၃၆–၄၃)

**မိတ်ဆက်စကား**

ဤပုံဥပမာသည် သခင်ယေရှုကိုယ်တော်တိုင် အနက်အဓိပ္ပါယ်ဖွင့်ပေးခဲ့သော ပုံဥပမာ(၂)ခုအနက်မှ ဒုတိယမြောက်ဖြစ်ပါသည်။ သခင်ဘုရားက ခြားနားသောမြေအမျိုးမျိုးအကြောင်း သွန်သင်ပေးနေသည့် အချိန်တွင် တဆက်တည်း သွန်သင်ပေးခဲ့သော ပုံဥပမာဖြစ်သည်။

ဤပုံဥပမာ၏ထူးခြားမှုအရှိဆုံးအချက်မှာ သခင်ယေရှုက ဆန့်ကျင်ဖက်ဓာတ်ရုပ်များကို အကျယ်ချဲ့၍နှိုင်း ယှဉ်ပြမှုပြုခဲ့ခြင်းပင်ဖြစ်သည်။ သူက ဂျုံစေ့နှင့်တောမျိုးစေ့၊ အိမ်ရှင်နှင့်ရန်သူ၊ ဂျုံမျိုးစေ့နှင့်တောမျိုးစေ့၊ သူတို့၏နိဂုံး ချုပ်ရလဒ်ဖြစ်သော မီးပုံနှင့်စပါးကျီ–စသဖြင့်ဝေဝေဆာဆာကြီးနှိုင်းယှဉ်ပြသခဲ့သည်။

ဤပုံဥပမာကိုရှင်းပြသည့်အချိန်တွင် သခင်ယေရှုက သူသည်နိုင်ငံတော်သားများနှင့်နတ်ဆိုးသားများအကြား နှိုင်းယှဉ်ပြသလိုရင်းဖြစ်ကြောင်းထင်ရှားစွာပြောကြားခဲ့သည်။ သို့သော်ထို(၂)မျိုးတို့သည် နောက်ဆုံးသောနေ့ရက်တိုင်အောင် တမျိုးနှင့်တမျိုးနီးစပ်စွာ တည်ရှိနေနိုင်ခွင့်ပေးထားပြန်သည်။ ထို့ကြောင့်ဤပုံဥပမာက ဤသို့အတူ

တည်ရှိနေခွင့်ပေးထားရခြင်း၏အကြောင်းရင်းကို အဓိကထား၍ဆွေးနွေးထားပါသည်။ ဤသို့ဆက်သွားနေရအောင် အဘယ့်ကြောင့်ခွင့်ပြုထားရသနည်း။ ဤမေးခွန်းကိုအဖြေပေးရန် သခင်ယေရှုကအဓိကသွန်သင်ပေးထားပါသည်။

သခင်ယေရှုသည် ကျွန်တော်တို့အားလုံးအတွက် သိသာထင်ရှားပြီးသားအကြောင်းအရာများကို ထပ်ပြောပြနေဖို့သက်သက်လုပ်ဆောင်နေခြင်းမဟုတ်ပါ။ နိုင်ငံတော်အတွင်းတွင် လူဆိုးများရှိနေရခြင်းအကြောင်းရင်းကိုရှင်းပြခြင်းအားဖြင့် ယေဘုယျသဘောဆောင်သော သုံးသပ်ချက်တချို့ကိုပြောပြရုံသက်သက် လုပ်ဆောင်နေခြင်းမဟုတ်ပါ။ သူ၏ရည်ရွယ်ချက်သည် အတော်လေးလက်တွေ့ကျပါသည်။ ဤပုံဥပမာသည် ဘုရားသခင်၏လူတို့ကိုအားပေးရန်၊ နှစ်သိမ့်မှုပေးရန် အဓိကရည်ရွယ်ပါသည်။ နေရာတကာတွင်နတ်ဆိုး၏သားသမီးများရှိနေခြင်းသည် ခေတ်အဆက်မှာ ဘုရားသခင်၏သားသမီးတို့ စိတ်ပျက်အားလျော့စရာအကြောင်း၊ ဒုက္ခခံစားစရာအကြောင်းများထဲတွင်တခု အပါအဝင်ဖြစ်ပါသည်။ သို့သော် သခင်ဘုရားကဤကိစ္စတွင်လဲဘုရားသခင်ထံ၌ လိမ္မာပါးနပ်၍ကောင်းမွန်သော ရည်ရွယ်ချက်ရှိနေကြောင်း ထင်ရှားစွာရှင်းပြထားပါသည်။ အကယ်၍ဘုရားသခင်၏လူများက ဤကိစ္စကိုမှန်မှန်ကန်ကန် နားလည်သဘောပေါက်ခဲ့လျှင် စိတ်ပျက်အားလျော့ခြင်းမှကင်းလွတ်ကြရုံသာမက၊ ဤသို့လုပ်ဆောင်ခြင်းဖြင့်သာ ဘုရားသခင်၏ ရည်ရွယ်ချက်များလက်တွေ့အကောင်အထည်ပေါ်လာနိုင်မည်ဖြစ်ကြောင်း နားလည်လာကြမည်ဖြစ်သည်။

လယ်ကွင်းနှင့်မျိုးစေ့တို့၏အဓိပ္ပါယ်

ဤပုံဥပမာကိုရှင်းပြသောအခါတွင် သခင်ယေရှုက–==လယ်မြေသည် ဤလောကဖြစ်၏++ဟု ရှင်းလင်းစွာ ပြောပြခဲ့သည်။

ဤအချက်ကိုမျက်စိရှုန်းသွားသောသူအချို့က လယ်မြေသည်အသင်းတော်ကိုပုံဆောင်သည်၊ ပို၍အတိအကျပြောရလျှင် ဒေသန္တရအသင်းတော်ကိုပုံဆောင်သည်ဟု အငြင်းအခုန်လုပ်ချင်ကြသည်။ သူတို့က အသင်းတော်တိုင်းမှာ အရေခြုံကြောင်သူတော်များ ရှိနေကြသည့်အချက်ကိုထောက်ပြကြသည်။ ထို့နောက်တွင် အသင်းတော်အတွင်းမှ တစုံတယောက်အား ထုတ်ပယ်ခြင်းကို သခင်ယေရှုကတားမြစ်ထားသည် ဟူသောအဆိုပြုချက်ကို ဤပုံဥပမာကိုသုံး၍ အထောက်အပံ့ပြုရန်ကြိုးစားကြသည်။ သူတို့အဆိုအရ အသင်းတော်သည် သစ္စာမရှိသောအသင်းသားများကို မေတ္တာရှေ့ထား၍ပေါင်းသင်းဆက်ဆံသွားရမည်။ အသင်းတော်နှင့်မိဿဟာယပြုခြင်းမှ ဘယ်သူ့ကိုမျှဘယ်တော့မျှ ဖြတ်တောက်ခြင်းမပြုရ–ဟူ၍ဖြစ်သည်။

သမ္မာကျမ်းစာက ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်း(အသင်းသားအဖြစ်မှထုတ်ပယ်ခြင်း အပါအဝင်)သည် စစ်မှန်သောအသင်းတော်၏ အမှတ်လက္ခဏာတခုဖြစ်ကြောင်းကို လေးနက်စွာညွှန်ပြနေကြောင်းထဲ့မပြောသေးဘဲနှင့် သခင်ယေရှု၏နှုတ်တော်ထွက်စကား–==လယ်မြေသည်ဤလောကဖြစ်၏++–အားဖြင့်ပင်လျှင် အထက်ပါအနက်ဖွင့်ချက် မှားယွင်းနေကြောင်း ထင်ရှားနေပါသည်။

အခြားသူများက ဤနှုတ်ထွက်စကားကို အစွန်းရောက်စွာစွဲကိုင်ကြပြီး သခင်ဘုရားက ဤလောကဟုဆိုရာ၌ဖန်ဆင်းခြင်းတခုလုံးကိုရည်ညွှန်းထားသည် ဟုအနက်ဖွင့်ချင်ကြသည်။ သူတို့က ဤလောကကြီးထဲတွင် ကောင်းသောသူနှင့်ဆိုးသောသူတို့ရှိနေကြောင်းကို ဤပုံဥပမာက သွန်သင်ပေးခြင်းသာဖြစ်သည် ဟုဆက်၍ပြောတတ်ကြသည်။ ဤအကြောင်းအရာသည် အမြဲတမ်းမှန်ကန်နေပြီးရှေ့ဆက်၍လဲမှန်ကန်နေဦးမည်သာဖြစ်သည်ဟူ၍၄င်း၊ ဖန်ဆင်းခြင်းထဲမှ ဆိုးညစ်သောသူတို့ကို အပြီးအပိုင်ဖယ်ရှားပစ်ရန်မှာမဖြစ်နိုင်သလို၊ တားမြစ်ထားသောအရာဖြစ်ကြောင်း၊ ဤအကြောင်းအရာသည်ဤသို့ပင်ဖြစ်ရမည်ဖြစ်ပြီး ကျွန်တော်တို့ကလက်ခံလိုက်ကြဖို့ရန်သာဖြစ်ကြောင်း–ဆက်လက်၍အနက်ဖွင့်ချင်ကြသည်။

ဤရှုထောင့်မှားယွင်းကြောင်းကို ငြင်းခုန်စရာအချက်များစွာရှိပါသည်။ ပထမဆုံး–ဤပုံဥပမာကဤကိစ္စကိုဘဲပြောဆိုလိုရင်းဖြစ်သည်ဟုဆိုလျှင် သခင်ယေရှုကအသေးစိပ်ပြန်လည်ရှင်းပြနေစရာအကြောင်းမရှိပါ။ အလွန်သိသာထင်ရှားပြီး အလွန်ရိုးစင်းသောအကြောင်းအရာတခုအတွက် ယခုလိုမျိုးရှည်လျားစွာကြိုးစားအားထုတ်၍ ထပ်ရှင်းပြနေစရာမလိုပါ။

ဒုတိယအားဖြင့်– ပုံဥပမာထဲမှ တောမျိုးပင်များကိုမဖယ်ရှားဖို့ အမိန့်ပေးခြင်းသည်လဲ မလိုအပ်သောအရာသာဖြစ်နေပေမည်။ လောကတခုလုံးကိုဆိုလိုခြင်းဖြစ်ခဲ့လျှင်၊ လူဆိုးအားလုံးကိုဤလောကကြီးထဲမှဖယ်ရှားပစ်ဖို့ရန်လုံးဝမဖြစ်နိုင်ကြောင်းသူ့အလိုလိုထင်ရှားပြီးဖြစ်သည်။ ဤလိုလုပ်ဖို့ ဘယ်သူကမှလဲစိတ်ကူးမိမည်မဟုတ်ပါ။

တတိယအားဖြင့်–ဤပုံဥပမာသည်ဘုရားသခင်၏လူများကိုနှစ်သိမ့်ပေးဖို့ အဓိကရည်ရွယ်ပြီးပြောနေခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် ဤပုံဥပမာ၏ရည်ရွယ်ချက်သည် အားလုံးသိပြီးသားဖြစ်သော ==ဒီလောကထဲမှာလူဆိုး

တွေ့အမြဲတမ်းရှိနေလိမ့်မည်++–ဟူသောအချက်လောက်ကို ရှင်းပြနေခြင်းထက်ပို၍အရေးပါသော၊ ကြီးလေးသောပြဿနာမျိုးကိုရည်ရွယ်ဖြေရှင်းပေးခြင်းသာမှချမလွဲဖြစ်ရပါမည်။

သခင်ယေရှုက ==ကောင်းကင်နိုင်ငံတော်သည်ကား–––––ကဲ့သို့ဖြစ်၏++ဟူ၍ ကောင်းကင်နိုင်ငံတော်အကြောင်းကိုလေးနက်စွာပြောပြနေသည့်အချိန်တွင် လောကကိုလယ်မြေနှင့်နှိုင်းယှဉ်ပြောပြလိုက်ခြင်းဖြစ်၏။ ထိုနိုင်ငံတော်သည် ကောင်းကင်နိုင်ငံတော်ဖြစ်သော်လည်း လောကကြီးထဲမှာရှိနေပါသည်။ လောကီနိုင်ငံမဟုတ်သော်လည်း လောကထဲတွင်တွေ့ရှိနိုင်ပါသည်။ ဤအချင်းအရာသည် ကောင်းကင်ဘုံမှနယ်ပယ်ချဲ့ထွင်လာခြင်း၊ လက်ရှိဖန်ဆင်းခံလောကနှင့် ၄င်း၏ရာဇဝင်ထဲသို့ဝင်ရောက်နေရာယူလိုက်ခြင်းပင်ဖြစ်သည်။

ဤနိုင်ငံတော်သည် လက်ရှိလောကကြီးကို ခရစ်ယာန်နိုင်ငံအဖြစ်သို့ပြောင်းပစ်လိုက်သည့်နည်းဖြင့်ပေါ်ထွန်းလာခြင်းမဟုတ်ပါ။ ဤသို့လုပ်ရန်မဖြစ်နိုင်ပါ။ ကောင်းကင်နိုင်ငံတော်သည် ဖန်ဆင်းခံလောကကြီးတခုလုံးကို ပြောင်းလဲပစ်ရန်မလုပ်ဆောင်ပါ။ သခင်ခရစ်တော်ဒုတိယအကြိမ်ပြန်ကြွလာသည့်အချိန်တွင်တော့ဖန်ဆင်းခံလောကကြီးတခုလုံးကိုပြောင်းလဲပစ်လိုက်မည်ဖြစ်သည်။ သို့သော် ကောင်းကင်နိုင်ငံတော်သည် ဆိုးညစ်သောလူသားတို့၏သမိုင်းထဲမှအပြစ်တရားပွားများလျက်ရှိခြင်းကို ပြောင်းလဲပစ်ရန်မရည်ရွယ်ပါ။

ကောင်းကင်နိုင်ငံတော်သည် ယခုဤနေရာမှာရှိနေသည်။ ဤနိုင်ငံတော်သည် အမိုက်မှောင်နိုင်ငံထဲမှနေ၍အလင်းနိုင်ငံတော်ထဲသို့ပြောင်းလဲပေးခြင်းခံစားရသော ဘုရားသခင်၏လူများ၏ဘဝများထဲတွင်ရှိနေသည်။ ဤနိုင်ငံတော်သည် အထူးသဖြင့် ဘုရားသခင်၏လူများစုဝေးပေါင်းဖေါ်ရာဖြစ်သော အသင်းတော်ထဲတွင် ပေါ်ထွန်းနေပါသည်။ အသင်းတော်သည် နိုင်ငံတော်၏အလုပ်တာဝန်များကိုထမ်းဆောင်နေသည်။ အသင်းတော်သည်လူမျိုးပေါင်းစုံတို့ထဲမှ လူအများကိုစုဆောင်း၍ ဘုရင်ယေရှု၏အမှုတော်ဆောင်သောသူများအဖြစ်သို့ ဝိညာဉ်သဘောအားဖြင့်ပြောင်းလဲပေးနေသည်။ အသင်းတော်က နိုင်ငံတော်သားများကို လောကထဲတွင်ကောင်းကင်နိုင်ငံသားများပီသစွာနေထိုင်အသက်ရှင်သွားနိုင်ဖို့လိုအပ်သော ဝိညာဉ်ရေးရာတန်ခိုးကိုပေးနေသည်။ အသင်းတော်က ဤတန်ခိုးကို–ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းဟောပြောခြင်း၊ ပွဲတော်မင်္ဂလာများပြုလုပ်ပေးခြင်း၊ ခရစ်ယာန်စည်းကမ်းထိမ်းသိမ်းရေးကိုလက်တွေ့ကျင့်သုံးခြင်းတို့ဖြင့်– နိုင်ငံတော်သားများထံပေးအပ်နေပါသည်။

ကောင်းကင်နိုင်ငံတော်ဟူ၍

လူ့သမိုင်းတွင်ပေါ်ထွန်းလာသည့်အချိန်မှစ၍ဤနိုင်ငံတော်ထဲတွင်==ခရစ်ယာန် အသင်းအဖွဲ့++ဟုအမည်တပ်ထားသော အဖွဲ့အစည်းအားလုံးလဲပါဝင်ပါသည်။ အသင်းတော်ဖြစ်ခဲ့ဖူးသော၊ ယခုအချိန်အထိအသင်းတော်ဟုခေါ်ဝေါ်နေသေးသော်လဲ စစ်မှန်သောယုံကြည်ခြင်းကိုစွန့်လွှတ်လိုက်ပြီဖြစ်သော–အသင်းအဖွဲ့များအားလုံးသည်လဲ ကောင်းကင်နိုင်ငံတော်တည်ထောင်ခြင်းသမိုင်းထဲတွင် အကျယ်ပြန့်ဆုံးရှုထောင့်အားဖြင့်အကျုံးဝင်နေကြပါသည်။ အသင်းတော်ကို ကမ္ဘာအနှံ့အပြားတွင်တွေ့မြင်နိုင်ပါသည်။

သခင်ယေရှုက လယ်မြေသည်ဤလောကဖြစ်၏ဟုပြောရခြင်းမှာ နိုင်ငံတော်သည်ဤလောကထဲမှာပေါ်ထွန်းနေသ၍ကာလပတ်လုံး ဂျုံပင်များကြားထဲမှာပေါင်းပင်များရောနှောနေမည်သာဖြစ်သည် ဟူသောအချက်ကိုပြောပြလိုရင်းဖြစ်ပါသည်။ ခရစ်ယာန်အမည်ခံအသင်းအဖွဲ့များအတွင်းတွင် နိုင်ငံတော်၏သားသမီးများကိုတွေ့မြင်နိုင်သည်။ ထို့အတူ ဂျုံစိုက်ခင်းထဲတွင်ဂျုံပင်များနှင့်ရောနှောကြီးထွားနေကြသော ပေါင်းပင်များနှင့်တူသည့်နတ်ဆိုး ၏သားများကိုလဲ တွေ့မြင်နေရပါသည်။ ဤအမျိုးအစား(၂)မျိုး၏ကွဲပြားခြားနားမှုအထဲမှနေ၍ ဆန့်ကျင်ဖက်ပဋိပက္ခ များပေါ်ထွက်လာခြင်းဖြစ်သည်။

ခရစ်ယာန်အသင်းအဖွဲ့ကိုလောကီအနှံ့အပြားတွင်တွေ့ရှိနေရသလို၊ ဘုရားမဲ့ဝါဒီတို့နှင့်လဲမတူကွဲပြားမှုများရှိနေသည်။ သို့သော် ဤပုံဥပမာကပြောထားသောဆန့်ကျင်မှုပဋိပက္ခများသည် ဘုရားသခင်၏စစ်မှန်သောအသင်းတော်နှင့် လွဲမှားသောခရစ်ယာန်အဖွဲ့အစည်းတို့အကြား၌ ဖြစ်ပွားနေသောပဋိပက္ခများကို အဓိကထားပြောပြနေခြင်းဖြစ်သည်။ ပေါင်းပင်များသည်ဂျုံပင်များနှင့်အတူရှင်သန်နေကြသည်။ မခွဲခြားနိုင်သေးဘဲခေတ္တခဏမျှရှိနေမည်။ ထို့အတူအလွယ်တကူဝေခွဲမရရှုပ်ထွေးသွားတတ်သည်။ ဤသို့သောပြဿနာများရှိနေသောကြောင့်ပင် သခင်ဘုရားကဤပုံဥပမာထဲတွင် သူ့ကိုယ်သူ–ကောင်းသောမျိုးစေ့ကြဲသူအဖြစ်–ရည်ညွှန်းပြောပြထားခြင်းဖြစ်သည်။

ထို့ကြောင့်ကောင်းသောမျိုးစေ့များသည် နိုင်ငံတော်၏သားသမီးများဖြစ်ကြသည်။ သူတို့သည်နိုင်ငံတော်၏သားသမီးများဖြစ်ဖို့ရန် ဘုရားသခင်ကထာဝရကာလကတည်းကရွေးကောက်ထားခြင်းဖြစ်သည်။ ရှင်မဿဲခရစ်ဝင်–(၂၅:၃၄)တွင် သခင်ဘုရားကနိုင်ငံတော်၏သားသမီးများကို ==လာကြ၊ ငါ့ခမည်းတော်၏ကောင်းချီးမင်္ဂလာခံစားရသူများတို့၊ ဤကမ္ဘာဦးကတည်းက သင်တို့အတွက်ပြင်ဆင်ပေးထားသော နိုင်ငံတော်ကိုအမွေဆက်ခံကြကုန်လော့++–ဟုမိန့်တော်မူထားပါသည်။ နိုင်ငံတော်သည် ဤကမ္ဘာဦးကထဲကပင် ပြင်ဆင်ထားသောအရာဖြစ်ရုံသာမကပါ၊

သခင်ဘုရားက သူ၏လူများအတွက် ဤကမ္ဘာဦးကထဲကပင်ပြင်ဆင်ပေးထားသောအရာဖြစ်သည်ဟု ထင်ရှားစွာပြော ပြထားပါသည်။

သခင်ဘုရားပိုင်သောသူများသည် နိုင်ငံတော်သားများဖြစ်လာဖို့ရန် ဘုရားသခင်၏အချုပ်အချာအာဏာပိုင် စိုးစွာခေါ်တော်မူခြင်းခံကြရပါသည်။ တမန်တော်ကြီးရှင်ပေါလုက–ကျွန်တော်တို့သည် အမိုက်မှောင်တန်ခိုးများထဲမှ ဘုရားသခင်ကလွတ်မြောက်စေလိုက်ပြီးနောက် သူချစ်သောသားတော်၏နိုင်ငံတော်ထဲသို့အသစ်ပြုပြင်ပြီးထဲ့သွင်းပေး လိုက်ခြင်းခံရသူများဖြစ်သည်ဟု(ကောလောသဲ၁း၁၃)တွင်ပြောပြထားပါသည်။ ဤနိုင်ငံတော်၏သားသမီး များသည် ဤလောကကြီးထဲတွင် နိုင်ငံတော်သားများအဖြစ်အသက်ရှင်နေထိုင်ပြခြင်းအားဖြင့် သူတို့ကိုယ်သူတို့ပေါ် လွင်ထင်ရှားစေကြသည်။ သူတို့သည်သခင်ယေရှုကိုအစေခံကြသည်။ သူ၏အလိုတော်ကိုနာခံလျက် အသက်ရှင်ကြ သည်။ ကောင်းကင်နိုင်ငံတော်ကို ဘုန်းတန်ခိုးထင်ရှားစွာအမွေဆက်ခံရမည့်နေ့ကို မျှော်လင့်စောင့်စားနေကြသည်။ သခင်ဘုရားသည် သူ၏နိုင်ငံတော်ထဲတွင် အချုပ်အချာအာဏာပိုင်စွာအုပ်စိုးလျက်ရှိနေသည်။ သူသည်သာနိုင်ငံ တော်၏အရှင်သခင်ဖြစ်သည်။ နိုင်ငံတော်၏သားသမီးများကိုဖန်ဆင်းသူဖြစ်သည်။ နိုင်ငံတော်သည် သူတဦးတည်းမှ ပိုင်ဖြစ်ပါတော့သည်။

ပေါင်းပင်များသည် နတ်ဆိုးကြီး၏သားသမီးများဖြစ်ကြသည်။ ဤသို့ဆိုခြင်းဖြင့် သူတို့၏ဝိညာဉ်ရေးရာမူလ အစကို ထင်ရှားစေပြီးဖြစ်၏။ သခင်ယေရှုက ဆိုးယုတ်သောဖါရိရှဲများသည် သူတို့၏အဖေနတ်ဆိုးကြီးနှင့်သက်ဆိုင် ကြကြောင်းဖေါ်ပြခဲ့ပြီးဖြစ်သည်။ ယခုအချိန်တွင်လဲ ဤအတိုင်းပင်မှန်ကန်လှပါသည်။ ဤဆိုးညစ်သောသူများသည် ဝိညာဉ်ရေးရှုထောင့်မှဖြစ်စေ၊ ကိုယ်ကျင့်တရားရှုထောင့်မှဖြစ်စေ နတ်ဆိုးကြီးနှင့်သက်ဆိုင်ကြကြောင်းထင်ရှားသည်။ သူတို့သည် နတ်ဆိုးနိုင်ငံ၏အစိတ်အပိုင်းတရပ်ဖြစ်သည်။ ထို့အတူ သူတို့၏ဝိညာဉ်ရေးရာမူလအစသည် နတ်ဆိုးထံ မှ မြစ်ဖြားခံကြောင်းခြေရာခံဖေါ်ထုတ်နိုင်သည်။ သူတို့သည် မယုံကြည်သောသူသက်သက်မဟုတ်ဘဲ၊ အပြစ်စီရင် ခြင်းခံရသောသူများဖြစ်ကြပေသည်။

မျိုးစေ့(၂)မျိုးတို့အကြားဆက်နွယ်မှု

ဤပုံဥပမာအရ နတ်ဆိုးက–တောမျိုးစေ့များကို ဂျုံမျိုးစေ့များအပေါ်တွင်ထပ်၍ကြဲဖြန့်လိုက်ကြောင်းတွေ့ရ သည်။ ဤပုံဥပမာအရ နတ်ဆိုးက–ညအချိန်တွင်လုပ်လိုက်ကြောင်းတွေ့ရသည်။ ဆိုလိုရင်းမှာ အသင်းတော်သည်သ တိလက်လွတ်ဖြစ်နေသောကြောင့်မဟုတ်ဘဲ၊ နတ်ဆိုးသည် သူ့အလုပ်ကို လျှို့ဝှက်စွာလုပ်ဆောင်နေကြောင်း၊ သခင် ယေရှုကပြောလိုရင်းဖြစ်သည်။ နတ်ဆိုးသည် ဆိုင်းတွေဗုံတွေတီးမှုတ်၍ဝင်မလာပါ။ ဆိုးညစ်သောသူများကို အသင်း တော်ထဲသို့ ခြေရာလက်ရာမပေါ်စေဘဲ တိတ်တဆိတ်ထဲ့သွင်းပေးလျက်ရှိပါသည်။

ဤသို့ရှိနေသောကြောင့်လဲ ထိုသူများကို ကောင်းသောမျိုးစေ့များနှင့်အလွယ်တကူခွဲထုတ်၍မရခြင်းဖြစ်နိုင် ပေသည်။ သူတို့သည် အသင်းတော်အတွင်းမှာ မွေးဖွားလာကြသူများဖြစ်ကောင်းဖြစ်နေနိုင်သည်။ ယုံကြည်သူမိဘ များမှမွေးဖွားလာသူအယောက်စီတိုင်းသည် နိုင်ငံတော်၏သားသမီးကြီးဘဲမဟုတ်နိုင်ကြောင်းကို သမ္မာကျမ်းစာအား ဖြင့်ဖြစ်စေ၊ ကိုယ်တွေ့အားဖြင့်ဖြစ်စေ ကျွန်တော်တို့သိကြပြီးဖြစ်သည်။ ပဋိညာဉ်မျိုးဆက်များအတွင်းမှာလဲ ဧသော နှင့်တူသောကလေးများ မွေးဖွားလာတတ်ကြသည်။ သူတို့သည်သူတို့၏မီဇအမှန်ကိုချက်ချင်းကြီးဖေါ်ပြခြင်းမပြုကြ ပါ။ သူတို့သည်–အသင်းတော်အတွင်းမှာမွေးဖွားလာကြသည်၊ ဗတ္တိဇံမင်္ဂလာကိုလဲခံယူခဲ့ကြသည်၊ ဘုရားကိုချစ်သော အိမ်ထောင်စုအတွင်းမှာ ကြီးပြင်းလာခဲ့ကြသည်။ ဘုရားသခင်၏ ပဋိညာဉ်တရားတော်များအကြောင်းကို–အိမ်မှာ၊ ကျောင်းမှာ၊အသင်းတော်မှာ–သူတို့ကိုသွန်သင်ပေးခြင်းခံကြရပြီးပြီ။ သူတို့သည်အသင်းတော်အတွင်းမှ ယုံကြည်ခြင်း အတွက်ကတိသစ္စာခံယူခြင်းဝတ်ကိုပင် ပါဝင်ကောင်းပါဝင်ခဲ့ကြပါလိမ့်မည်။ ဘုရားသခင်၏လူများနှင့်အတူ သခင်ဘု ရား၏ညစာပွဲတော်ကိုလဲပါဝင်စားသုံးခြင်း ပြုကောင်းပြုကြလိမ့်မည်။

ထို့အပြင် သူတို့သည်ပြင်ပလောကမှနေ၍ အသင်းတော်အတွင်းဝင်လာကြသူများလဲဖြစ်နိုင်သည်။ သူတို့ဝင် လာရသောအကြောင်းအရင်းများစွာရှိနိုင်သည်–အသင်းသား/သူတဦးဦးနှင့်လက်ထပ်လိုက်၍လဲဖြစ်နိုင်သည်၊အသင်း တော်၏ အပြင်ပန်းပုံစံများကသူတို့ကိုဆွဲဆောင်နေသောကြောင့်လဲဖြစ်နိုင်သည်။ သူတို့သည်အပြင်ပန်းအားဖြင့်အ သင်းတော်၏ယုံကြည်ခံယူချက်များကို သဘောတူလက်ခံသယောင်ဟန်ဆောင်ကြကာ အသင်းတော်၏အစိတ်အပိုင်း တခုအဖြစ်သူတို့ကို ခေတ္တခဏမျှတွေ့မြင်နေရတတ်သည်။ တမန်တော်ဝတ္ထုထဲမှ ဖိလစ်၏တရားဟောချက်ကိုကြားနာ ခွင့်ရသောကြောင့် အသင်းတော်ထဲသို့ပါဝင်လာသူ ရှိမုန်သည်လဲဤလူစားမျိုးပင်ဖြစ်သည်။ သူသည် နောက်ပိုင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများကို ငွေနှင့်ဝယ်ဖို့ကြိုးစားတော့သည်။(တမန် ၈း၁၃–၂၄)

အကြောင်းရင်းခံမည်သို့ပင်ရှိပါစေ၊ ဤသို့သောသူများသည် ဂျုံခင်းထဲသို့စာတန်ကကြဲချလိုက်သော ပေါင်း

မြက်ပင်များသာဖြစ်ကြသည်။ သူတို့ကို နိုင်ငံတော်၏သားသမီးများနှင့်ချက်ချင်းကြီးခွဲခြားသိနိုင်ဖို့မလွယ်ကူပါ။ အချိန်ကာလအတော်ကြာမှသာလျှင်သူတို့၏ဇာတိအစစ်အမှန်ကိုပေါ်ပြလေ့ရှိကြသည်။ ထိုအချိန်မရောက်မချင်းမှာတော့သူတို့တတွေသည် စစ်မှန်သောယုံကြည်သူများကဲ့သို့ပြုမူကျင့်ကြံတတ်ကြသည်။ သူတို့သည် သမ္မာတရားကိုဝန်ခံကြ သည်၊ နှုတ်ကပတ်တော်ဘာသာစကားကို အသုံးပြုကြသည်။ နှုတ်ကပတ်တော်၏ဥပဒေသများနှင့်အညီလျှောက်လှမ်းနေကြသည်။ သို့သော် သူတို့ကိုယ်သူတို့ထင်ပေါ်အောင်လုပ်လာကြချိန်မှာတော့ သူတို့၏ဇာတိအမှန် ဘွားဘွားကြီးပေါ်လာတော့သည်။ သူတို့သည် အသင်းတော်အတွင်းသို့ လွဲမှားသောသွန်သင်ချက်များ သွတ်သွင်းဖို့ကြိုးစားလာတတ်သည်။ သူတို့သည် လောကီရေးရာဦးစားပေးသောစိတ်ဓါတ်နှင့် ဇာတိပကတိလွှမ်းမိုးသောအသက်တာများ၏လက်သည်တရားခံများပင်ဖြစ်ကြသည်။ သူတို့သည် တရားဒေသနာဟောပြောခြင်းကိုလဲ စတင်၍ဝေဖန်ပြစ်တင်လာကြသည်။ သခင်ဘုရား၏တပည့်တော်ဖြစ်နိုင်ဖို့ လိုအပ်ချက်ဖြစ်သော နှုတ်ကပတ်တော်၏ ကန့်သတ်ချုပ်ချယ်မှု၊ ပြစ်တင်ကြိမ်းမောင်းမှုများကိုလဲရှုံ့ချပြစ်တင်လာကြသည်။

အချိန်အတော်ကြာလာသောအခါ သူတို့သည်ခေတ်သစ်ဝါဒီများ၊ ဘာမဆိုလက်ခံသောလစ်ဘရယ်များဖြစ်လာကြတော့သည်။ သူတို့သည် စစ်မှန်သောခရစ်ယာန်လူ့ဘောင်ကိုကိုယ်စားပြုကြောင်းကြွေးကြော်နေကြရင်းနှင့် အသင်းတော်ကိုမှားယွင်းသောသွန်သင်ချက်များနှင့် မူရင်းယုံကြည်ချက်ကိုစွန့်လွှတ်စေခြင်းလမ်းကြောင်းပေါ်သို့ ဆွဲခေါ်သွားတတ်ကြသည်။ သူတို့သည် မှားယွင်းသောခရစ်ယာန်လူ့အဖွဲ့အစည်းဖြစ်လာကြပြီး၊ အချိန်ကြာလာသောအခါ အန္တိခရစ်(ခရစ်တော်ကိုဆန့်ကျင်သူ)ဖြစ်သွားကြတော့သည်။ တမန်တော်ကြီးရှင်ယောဟန်က သူ၏ပထမဩဝါဒစာထဲတွင် ဤအကြောင်းအရာကို–==သားသမီးငယ်တို့၊ ယခုသည်နောက်ဆုံးသောအချိန်ကာလဖြစ်၏။ အန္တိခရစ်ရောက်လာမည့်အကြောင်းကိုသင်တို့ ကြားခဲ့ရပြီးဖြစ်သည့်အတိုင်း၊ ယခုပင်လျှင် အန္တိခရစ်အများကြီးရှိနေကြပြီဖြစ်သည်။ ဤအကြောင်းကြောင့်ပင်လျှင် ယနေ့သည်နောက်ဆုံးသောကာလဖြစ်ကြောင်း ငါတို့သိနိုင်ကြခြင်းဖြစ်၏။ သူတို့သည် ငါတို့အထဲမှထွက်သွားကြပြီ၊ သို့သော်သူတို့သည် ငါတို့အသိုင်းအဝိုင်းထဲမှမဟုတ်ကြပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည်ငါတို့အသိုင်းအဝိုင်းထဲ တွင်ပါဝင်သောသူများဖြစ်ကြပါလျှင် ငါတို့နှင့်အတူဆက်ပြီးပေါင်းဖေါ်နေကြလိမ့်မည်ဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဘွယ်မရှိပေ။ သို့သော်သူတို့သည် အပြင်သို့ထွက်ခွာသွားကြခြင်းဖြင့် ငါတို့အသိုင်းအဝိုင်းထဲမှ မဟုတ်ကြောင်းကိုထင်ရှားစေကြပြီဖြစ်သည်++ (၁ယော ၂း၁၈–၁၉)– ဟူ၍ရေးသားထားခဲ့သည်။

သခင်ယေရှုက စစ်မှန်သောနှင့် မစစ်မှန်သော–အသင်းတော်တို့အကြားဆန့်ကျင်ဖက်ပဋိပက္ခများကို အစိကအာရုံစိုက်၍ပြောပြနေခြင်းဖြစ်သလို၊ ပို၍ကျယ်ပြန့်သောရှုထောင့်မှရှုမြင်မည်ဆိုလျှင်ပေါင်းပင်များသည်ကျဆုံးသော၊ အပြစ်နွံထဲဆုံးရှုံးသွားကြသောလူမျိုးနွယ်အားလုံးကိုလဲ ကိုယ်စားပြုနေပါသည်။ သူတို့သည် ဘုရားသခင်၏လူများတို့နှင့်အမြဲတမ်းအတူတကွရှိနေကြသည်၊ သန့်ရှင်းသူများနှင့်လယ်မြေတခုထဲတွင် အတူရှင်သန်နေကြသည်။

ဤကိစ္စက အသင်းတော်ကိုပြဿနာတခုပေးအပ်လာကြောင်းထင်ရှားသည်။ သခင်ဘုရားကပုံဥမာထဲတွင် အသက်ဝင်စွာဖေါ်ကျူးထားသည်။ ပျိုးပင်ကလေးများကြီးထွားလာသောအခါ ပေါင်းပင်များလဲရောနှောပေါက်ပွားနေကြောင်း အစေခံဖြစ်သူကသတိပြုမိသွားသည်။ အစေခံများသည် ဤကိစ္စကြောင့်အကြီးအကျယ်စိတ်အနှောက်အ ယှက်ဖြစ်သွားကြသည်။ သူတို့သည်သူတို့၏အရှင်သခင်ထံသို့သွား၍–==အရှင်ဘုရား၊ အရှင်သည်ကောင်းသော မျိုး စေ့ကိုသာ ကြဲဖြန့်ခဲ့သည်မဟုတ်လော၊ ဤပေါင်းမြက်ပင်များအဘယ်ကနေရောက်လာရသနည်း၊++ဟု မေးခွန်းထုတ် ကြသည်။ ဤအကြောင်းကို အရှင်ဘုရားကရှင်းပြလိုက်သောအခါ၊ သူတို့က–==ကျွန်တော်တို့သွား၍ ပေါင်းမြက်များ ကို ရှင်းပစ်စေချင်ပါသလား++ –ဟုမေးခွန်းထုတ်ကြပြန်သည်။

ဤအစေခံများက မည်သူကိုပုံဆောင်ထားကြောင်း ဤပုံဥပမာထဲတွင်မတွေ့ရပါ။ သခင်ဘုရားက အစေခံများအကြောင်းနှင့်ပတ်သက်၍ ရှင်းပြဖို့မကြိုးစားခဲ့ပါ။ အစိကကျသည်မှာ ဂျုံပင်များကိုပေါင်းမြက်ပင်များကဒုက္ခပေးလိမ့်မည်ကို အစေခံများကြောက်ရွံ့စိုးရိမ်ခဲ့ကြသည့်အကြောင်းဖြစ်သည်။ အသင်းတော်ထဲမှာလဲ ဤကဲ့သို့ပင်ခံစားနေကြရပါသည်။

အသင်းတော်အတွင်းတွင်ဇာတိပကတိမျိုးစေ့များရောနှောနေခြင်းမှာ ဘုရားသခင်၏လူတို့ကိုအမြဲတမ်းစိုးရိမ်သောကဖြစ်စေသော အကြောင်းရင်းတခုဖြစ်သည်။ ဤဇာတိသားတို့ကြောင့် သခင်ခရစ်တော်၏အမှုတော်ထိခိုက်နစ်နာမည့်အရေး စိုးရိမ်ကြရသည်။ ဆိုးညစ်သောသူများသည်လဲ လူများစုကြီးဖြစ်နေတတ်ကြပြန်သည်။ ဤလူဆိုးတို့ကဖြစ်ပေါ်စေသော ထိခိုက်နစ်နာမှုများကိုလဲ ထင်ရှားစွာတွေ့မြင်နေကြရသည်။ သခင်ယေရှု၏လက်ထက်တော်၌လဲ ဘုရားမဲ့ဖါရိရှဲတို့ကလွှမ်းမိုးနေခဲ့ကြသည်။ သန့်ရှင်းသူတို့မှာတော့–==အိုဘုရားသခင်၊ ကိုယ်တော့်အမွေစားအမွေခံနေရာမှာ ဘုရားမဲ့သောသူတို့ကသိမ်းပိုက်၍အောင်လံထူနေကြပါပြီတကား++ –ဟူ၍ငိုကြွေးမြည်တမ်းနေခဲ့

ကြရသည်။ ဆိုးညစ်သူများသည် လှဲမှားသောယုံကြည်ခြင်း၊ လောကီတပ်မက်ခြင်း၊ ဝိညာဉ်ရေးရာ ပေါ့ဆလျစ်လျူရှုခြင်းများဖြင့်လူပေါင်းများစွာကို လမ်းလွဲသို့ဦးဆောင်သွားသည်ကို တွေ့မြင်ခဲ့ကြရသည်။ ဤအဖြစ်အပျက်မျိုးသည် ဓမ္မဟောင်းကာလအတွင်းမှာ ထပ်တလဲလဲဖြစ်ပေါ်ခဲ့ပြီးပြီ။ သခင်ယေရှု၏လက်ထက်တော်အချိန်တွင်းမှာလဲ ဖြစ်ပေါ်ခဲ့ပြီးပြီ။ ဓမ္မသစ်ကျမ်းအသင်းတော်သမိုင်းကိုကြည့်လျှင်လဲ ဤကိစ္စနှင့်ပုံစံတူသောအဖြစ်အပျက်များနှင့် ပြည့်လျှံနေကြောင်းတွေ့ရမည်။ ဤကိစ္စသည် သခင်ခရစ်တော်၏မဟာအမှုတော်(နိုင်ငံတော်ထူထောင်ခြင်း)အတွက်စိတ်ပူတတ်သူများအဖို့ ပူပင်စရာအကြောင်းကြီးပင်ဖြစ်တော့သည်။

ထိုသူတို့ကို နှုတ်ပယ်၍အပြတ်ရှင်းပစ်လိုက်ခြင်းသည်သာ ဤပြဿနာအတွက်အကောင်းဆုံးအဖြေ ဖြစ်သယောင်ရှိနေသည်။ ယနေ့အထိလဲ ဤသို့လုပ်ပစ်ဖို့တိုက်တွန်းနေကြသူများရှိနေကြပါသည်။ သူတို့သည်ဤမြေကြီးပေါ်မှာ ဘုရားသခင်၏နိုင်ငံတော်တည်ထောင်ခြင်း မှန်မှန်ကြီးတိုးတက်လာရမည်ဟူ၍ စွဲလမ်းနေကြသူများဖြစ်ကြသည်။ သူတို့သည်–ဘုရားသခင်နိုင်ငံတော်၏သားသမီးများ လူများစုကြီးဖြစ်လာမည့်အချိန်၊ လောကထဲမှအဖွဲ့အစည်းအားလုံး၊ လူနေမှုအဆောက်အဦအားလုံးက သခင်ယေရှု၏အမှုတော်အောက်သို့ခယဝပ်တွားလာကြမည့်အချိန်– ကိုစောင့်စားမျှော်လင့်နေကြခြင်းဖြစ်သည်။ သခင်ခရစ်တော်၏နိုင်ငံတော်ကြီး လက်တွေ့မျက်တွေ့ထူထောင်လာမည့်အချိန်ကို စောင့်မျှော်နေကြခြင်းဖြစ်သည်။ ထိုအချိန်ရောက်လျှင် ပေါင်းမြက်ပင်များကိုအပြီးနှုတ်ပယ်လိုက်ခြင်းအားဖြင့်နိုင်ငံတော်ကြီးသန့်ရှင်းစင်ကြယ်သွားနိုင်လိမ့်မည် ဟုထင်မြင်နေကြသည်။ သို့သော် သခင်ယေရှုကထိုကဲ့သောကတိတော်မျိုးပေးမထားပါ။

ပေါင်းမြက်ပင်များရှိနေရခြင်း၏ကောင်းသောရည်ရွယ်ချက်

သခင်ယေရှုက ပေါင်းမြက်ပင်များကိုနှုတ်ပစ်ချင်သည့်အစေခံများကို–==မလုပ်ကြနှင့်၊ ထိုသို့လုပ်လျှင် ပေါင်းမြက်ပင်များနှင့်အတူဂျုံပင်များကိုပါရောနှော၍နှုတ်မိနိုင်စရာရှိ၏။ စပါးရိတ်ချိန်တိုင်အောင် သူတို့နှင့်အတူတကွကြီးထွားကြပါစေ++–ဟုရှင်းလင်းစွာတားမြစ်ထားခဲ့သည်။

ဤတားမြစ်ချက်၏ရည်ရွယ်ရင်းက ဘာများဖြစ်မည်နည်း။ သခင်ဘုရားက လယ်ကွင်းထဲမှာပေါင်းမြက်များဆက်ရှိနေခြင်းဖြင့် ကောင်းသောအကျိုးရလဒ်ရှိနေကြောင်းကို အလေးအနက်သိစေချင်ကြောင်းထင်ရှားပါသည်။ ထို့အတူ ပေါင်းပင်များနုနယ်စဉ်မှာ နှုတ်ပစ်ဖို့ကြိုးစားပါက ဂျုံပင်များကိုပါ ထိခိုက်နစ်နာစေနိုင်ပါသေးသည်။ ပေါင်းမြက်ပင်များကနေ ဂျုံပင်ဖြစ်လာလိမ့်မလားဟု မျှော်လင့်ချက်သေးသေးကလေးထားသလိုမျိုး၊ အသင်းတော်ထဲမှနတ်ဆိုး၏သားသမီးများသည်လဲ အသက်တာပြောင်းလဲလာလေမလားဟု မျှော်လင့်ချက်သေးသေးကလေးထားနေခြင်းမျိုးမဟုတ်ကြောင်းကျွန်တော်တို့စိတ်ချနိုင်ပါသည်။ သခင်ဘုရားက ဤအကြောင်းအရိပ်အမြွက်ကလေးမျှပင်မပြောပါ။ သူက နိုင်ငံတော်၏သားသမီးများနှင့် နတ်ဆိုးကြီး၏သားသမီးများအကြားမှ လုံးဝဥဿုံညှိနှိုင်း၍မရသော ဆန့်ကျင်တိုက်လှန်မှုရှိနေကြောင်း အတိအကျပြောပြထားပါသည်။ သဘာဝတရားတွင် ပေါင်းပင်မှနေ၍ဂျုံပင်ဖြစ်သွားတာမျိုးဘယ်တော့မှမရှိသလို၊ အသင်းတော်အတွင်းမှာလဲ နတ်ဆိုး၏သားမှနေ၍ဘုရားသားဖြစ်သွားခြင်းမျိုးမရှိပါ။ သခင်ဘုရားက သူပိုင်ဆိုင်သောသူများကို သိနှင့်ပြီးသားဖြစ်သည်။

နိုင်ငံတော်၏သော့များ (အသင်းတော်စည်းကမ်းထိန်းသိမ်းခြင်း)ကို ကျင့်သုံးဖို့လိုအပ်ခြင်းကိုလဲမပယ်ဖျက်နိုင်ပါ။ အသင်းတော်အတွင်းမှာ ပေါင်းမြက်ပင်များအဖြစ်ထင်ရှားသောသူများကို အသင်းသားအဖြစ်မှထုတ်ပယ်ပစ်ရန်သည် အသင်းတော်၏ အလေးနက်ဆုံးသောတာဝန်များထဲမှာ တခုအပါအဝင်ဖြစ်ပါသည်။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

++++++++++++++++++++++++++++++++++++++++++++++++++++

ဟေဗြဲ ၅း၁–၁၄ (ကျိန်းဘုရင်ကျမ်းမူ)

၁ – အဘယ်ကြောင့်ဆိုသော် ယဇ်ပုရောဟိတ်မင်းတိုင်းသည် လူတို့အထဲမှယူ၍ ဘုရားသခင်နှင့် ပတ်သက်သော အရာများ၌ လူတို့အတွက် ခန့်အပ်ခံရခြင်းဖြစ်သည်၊ ထို့သို့ဖြင့် သူသည် လက်ဆောင်များနှင့်အပြစ်အတွက် ယဇ်ပူဇော်ခြင်းများကို ဆက်သမည်ဖြစ်သည်။
၂ – သူသည် မသိနားမလည်သူများ၊ လမ်းမှားနေသူများကို သနားနိုင် သူဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်တွင် အားနည်းချက်များက ဝိုင်းရံထားကြ၍ဖြစ်သည်။
၃ – ထိုအတွက်ကြောင့် သူသည် လူအများ အတွက်နှင့် မိမိအတွက် အပြစ်ဖြေရာယဇ်ကို ပူဇော်ရခြင်းဖြစ်သည်။

၄ – ထို့အပြင် ဤဘွဲ့ထူးဂုဏ်ထူးကို မည်သူမှ မိမိအတွက်ဟု ယူ၍မရပါ၊ သို့သော် အာရုန်ကဲ့သို့ ဘုရားသခင်၏ခေါ်ခြင်းကို ခံရသူသာ ပိုင်ဆိုင်နိုင်ပါသည်။

၅ – ထိုနည်းတူ ခရစ်တော်သည်လည်း ယဇ်ပုရောဟိတ်မင်းဖြစ်လာရန် မိမိကိုယ်မိမိ မချီးမြှောက်ပါ၊ သို့သော် ဘုရားသခင်က သူ့ကို သင်သည် ငါ့သားဖြစ်သည်၊ ယနေ့တွင် သင့်ကို ငါမွေးဖွားပြီဟု ပြောပါသည်။

၆ – တနေရာတွင် ဘုရားသခင်က၊ သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ပြောခဲ့သကဲ့သို့ဖြစ်ပါသည်။

၇ – အသွေးအသားနှင့် ရှိခဲ့စဉ်နေရက်များ၌၊ သူသည် မိမိအား သေခြင်းမှ ကယ်တင်နိုင်သူထံ၊ ပြင်းထန်သော အော်ဟစ်ခြင်း၊ မျက်ရည်ကျခြင်းတို့ဖြင့် ဆုတောင်းခြင်းများ၊ အသနားခံခြင်းများကို ပြုသောအခါ၊ ကြောက်ရွံ့နေရချိန်အတွင်းတွင် နားညောင်းတော်မူပါသည်။

၈ – သူသည် သားဖြစ်သော်လည်း၊ မိမိ၏ဝေဒနာခံစားခြင်းများမှနေ၍ နာခံခြင်းကို သင်ယူခဲ့ပါသည်။

၉ – ထိုသို့ပြည့်စုံခြင်းအဖြစ်သို့ရောက်သဖြင့်၊ သူသည် သူ့အားနာခံသူတိုင်း၏ ထာဝရကယ်တင်ခြင်းကို ပြုလုပ်ပေးသူဖြစ်လာပါသည်။

၁၀ – ဘုရားသခင်က သူ့ကို မေလခိဇေဒက်ကဲ့သို့သော ယဇ်ပုရော ဟိတ်မင်းဟု ခေါ်ပါသည်။

၁၁– သူ့အကြောင်းကို ငါတို့ ပြောစရာ အများရှိပါသည်၊ သို့သော် ပြောဖို့ရန် ခက်နေပါသည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ကြားနာခြင်းတွင် ဉာဏ်ထိုင်းခြင်းကြောင့်ဖြစ်သည်။

၁၂ – အဘယ်ကြောင့်ဆိုသော် သင်တို့သည် ဆရာများ ဖြစ်သင့်နေသည့်အချိန်တွင်၊ သင်တို့ကို ဘုရားသခင်၏ ဗျာဒိတ်တော်များနှင့်ပတ်သက်သည့် အခြေခံသဘောတရားများကိုသာ ပြန်သင်ပေးနေရသည်၊ တကယ့်အစားအစာကိုမဟုတ်ဘဲ၊ နို့ကိုသာ လိုအပ်နေကြသေးသူများကဲ့သို့ ဖြစ်နေကြသည်။

၁၃ – အဘယ်ကြောင့်ဆိုသော် နို့ကို စားသုံးသူတိုင်းသည် ကလေးသာဖြစ်သောကြောင့်၊ ဖြောင့်မတ်ခြင်း၏စကားများ၌ မကျွမ်းကျင်သူ ဖြစ်သည်။

၁၄ – သို့သော် အသက်ပြည့်သောသူများသာ တကယ့်အစားအစာကို စားသုံးကြသည်၊ သူတို့သည် မိမိတို့အာရုံများကို သေချာစွာသုံးနိုင်သူများဖြစ်၍၊ ကောင်းခြင်းနှင့်ဆိုးခြင်း နှစ်မျိုးလုံးကို ပိုင်းခြားနားလည်ကြပါသည်။